**The Flower News, 16 February 2005**



# မြန်မာနိုင်ငံ ကလေးသူငယ်များပညာရေး ဂျာမနီမှ ဒေါ်လာတစ်သန်းလှူ

K.P

**ရန်ကုန်၊ ဖေဖော်ဝါရီ-၈**

မြန်မာနိုင်ငံရှိကျောင်းနေကလေးသူငယ်များအတွက် ပညာရေးအထောက်အပံ့အဖြစ် မြန်မာနိုင်ငံရှိကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)သို့ ဂျာမနီသမ္မတ နိုင်ငံမှ အမေရိကန်ဒေါ်လာတစ်သန်းလှူဒါန်းမည်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။

ဂျာမနီနိုင်ငံမှ အဆိုပါလှူဒါန်းသောငွေများသည် ဆင်းရဲနွမ်းပါးသောမိသားစုမှ ကလေးသူငယ်များ ကျောင်းနေနိုင်ရေး၊ ကျောင်းများတွင် ပညာသင်ကြားရေးအတွက် ခေတ်မီသင်ကြားမှုစနစ်တွင် သင်ကြားရေးပစ္စည်းများသာမက ရေကောင်းရေသန့်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကူညီပံ့ပိုးမှုများ ပါဝင်ပြီးနောက်ဆုံးအဆင့် ကလေးသူငယ်များ အခြေခံပညာတတ်မြောက်သွားစေရေးတို့အတွက် ပညာရေးအထောက်အပံ့ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ကလေးသူငယ်များ၏ ပညာရေးထောက်ပံ့အဖြစ် ဂျာမနီသမ္မတနိုင်ငံမှ လှူဒါန်းမည့်အကြောင်းကို မြန်မာနိုင်ငံမှ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(UNICEF)မှ သတင်းထုတ်ပြန်ထားသည်။